KHRG
ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## နောက်ဆုံးရဒေသတွင်းသတင်းတို

မေလ ၂၇ ရက်, ၂၀၂၆ ခုနှစ် /KHRG စာအမှတ်- 26-21+126-D1

# တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေါ်ဖားခိုမြို့နယ်ရှိ အသက် (၁၆) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးထိမှန်ဒဏ်ရာရရှိပြီး လူနေအိမ် (၆) လုံးလည်းထိခိုက်ပျက်စီး (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလနှင့်မတ်လ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်တွင်ဖြစ်ပွားခဲ့ သည့်လေကြောင်းတိုက်ခိုက်မှုဖြစ်စဥ်များကို ဖော်ပြထားပါသည်။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မြန်မာစစ်တပ်မှ ဝေထူးကျေးရွာအုပ်စုရှိ အဘ---ကျေးရွာအတွင်းသို့ ဒရုန်းဖြင့်ဗုံးနှစ်လုံးလာရောက်ကြဲချခဲ့ကာ ရွာသားများ၏ နေအိမ်ခြောက်လုံးထိခိုက်ပျက်စီးသွားခဲ့သည်။ ထို့နောက်၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် မြန်မာစစ်တပ်ပိုင် တိုက်လေယာဥ်တစ်စီးသည် ဝေထူးကျေးရွာအုပ်စုရှိ အဒ---ကျေးရွာအတွင်းသို့ ဗုံးနှစ်လုံးလာရောက်ကြဲချခဲ့ကာ အသက် ၁၆ နှစ်အရွယ်မိန်းကလေးငယ်တစ်ဦးထိမှန်ဒဏ်ရာရရှိခဲ့ပါသည်။ အဆိုပါမိန်းကလေးအား ကရင်ကျန်းမာ ရေးနှင့်လူမှုဖူလုံရေးဌာန (KDHW) မှ စီမံကွပ်ကဲသည်ဟုယူဆရသည့် ဝေထူးကျေးရွာအုပ်စုရှိ အဗ---ဆေးခန်းသို့ ပို့ ဆောင်ခဲ့ပြီး ၎င်းဒဏ်ရာအား ဆေးကုသပေးခဲ့သည်။ [1]*

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့၊ မွန်းလွဲ ၂ နာရီဝန်းကျင်အချိန်တွင် SAC (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ မြန်မာစစ်တပ်ဟုလည်းသိကြသည်) ဒရုန်းတစ်စင်းသည် တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်၊ ဝေထူးကျေးရွာအုပ်စု၊ အအ--- ကျေးရွာသို့ (အဘ--- ဟုလည်းသိကြသည်) ဗုံးနှစ်လုံးလာရောက်ကြဲချခဲ့ပါသည်။ [အခင်းဖြစ်ပွားသည့်အချိန်တွင် ကျေးရွာအတွင်း တိုက်ပွဲဖြစ်ပွားမှုမရှိကြောင်း ကြားသိရပါသည်။] ပထမဗုံးတစ်လုံးသည် ရွာ

[1] ဤအစီရင်ခံစာသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလနှင့်ဧပြီလ တွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော တောအူးခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓါတ်ပုံနှင့်နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသောအချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။ ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် မြေပြင်တွင်လက်ခံရရှိသော အစီရင်ခံစာ (၆) စောင်ဖြင့် ပေါင်းစပ်ရေးသားထားပါသည်။ ထိုအစီရင်ခံစာများ၏စာအမှတ်မှာ #26-21-D1 ၊ #26-21-A1-I1 ၊ #26-21-P1 ၊ 26-126-D1 ၊ 26- 126-A1-I1 နှင့် #26-126-P1 တို့ဖြစ်သည်။

အပြင်ဘက်သို့ ကျရောက်ခဲ့ပြီး [ထိခိုက်ဒဏ်ရာရမှုနှင့်ထိခိုက်ပျက်စီးမှုမရှိကြောင်း ကြားသိရသည်။] ဒုတိယဖုံးတစ်လုံးသည် ကျေးရွာအထက်ပိုင်းတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ရွာသားများ၏ နေအိမ်ခြောက်လုံးပျက်စီးခဲ့သည်။

ပထမဖုံးတစ်လုံးကျရောက်ပေါက်ကွဲပြီးနောက်တွင် ရွာသားများသည် ကျေးရွာအနီးရှိ မြစ်ကမ်းပါးတစ်နေရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ထို့ကြောင့် ဒုတိယဖုံးတစ်လုံးသည် ကျေးရွာ၏အထက်ပိုင်းသို့ ကျရောက်ပေါက်ကွဲသွားချိန်တွင် ရွာသားများသည် ၎င်းနေရာမှ [ကျေးရွာ၏အထက်ပိုင်း] မီးခိုးငွေ့များထွက်လာသည်ကို မျက်မြင်တွေ့ခဲ့ကြပါသည်။ ဒုတိယဖုံးကျရောက်ပေါက်ကွဲပြီးနောက် ရွာသားများသည် ကျေးရွာအတွင်းသို့ ပြန်လာ၍ မည်သည့်အရာများပျက်စီးသွားသည်ကို စစ်ဆေးခဲ့ကြပါသည်။ အသက် ၉၁ နှစ်အရွယ်ရှိ သက်ကြီးရွယ်အို ရွာသားတစ်ဦးဖြစ်သည့် ဒေါ်အ---သည် အသက်ကြီး၍ မပြေးနိုင်တော့သည့်အတွက် အချိန်မီမထွက်ပြေးနိုင်ခဲ့ကြောင်း ရွာသားများတွေ့ရှိခဲ့သည်။ သူမသည်အိမ်အောက်၌ ပုန်းအောင်းနေခဲ့ပါသည်။ ထိုဒုတိယဖုံးတစ်လုံးသည် ဒေါ်အ---ပုန်းအောင်းရာနေရာအနီး [ရှောက်ပင်တစ်ပင်]ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပါသည်။ [သူမသည် မည်သည့်ထိခိုက်ဒဏ်ရာမှ မရရှိခဲ့ပါ။] ရွာသူ ရွာသားများသည် သူမအား နှစ်သိမ့်စကားများဖြင့် အားပေးခဲ့ကြသည်။

ဒုတိယအကြိမ် ဒရုန်းကြဲချသည့်(ဖုံး)တစ်လုံးသည် ရှောက်ပင်တစ်ပင်ပေါ်သို့ကျရောက်ပေါက်ကွဲခဲ့ပါသည်။ ဖုံးကွဲစများသည် အခြားစိုက်ပျိုးပင်များနှင့် ရွာသားများ၏နေအိမ်ခြောက်လုံးကိုလည်း ထိမှန်ခဲ့ပါသည်။ အများစုသည် ရွာသားများ၏နေအိမ်ခေါင်မိုးများကို ထိမှန်ပျက်စီးခဲ့သည်။ နေအိမ်ခြောက်လုံး၏ပိုင်ရှင်များမှာ စောဘ--- (အသက် ၆၂ နှစ်), ဦး ဆ--- (အသက် ၅၃ နှစ်), စော ဒ--- (အသက် ၄၁ နှစ်), ဦး ဃ--- (အသက် ၅၈ နှစ်), ဦး ဗ--- (အသက် ၅၁ နှစ်) နှင့် ဂ--- (အသက်၄၉ နှစ်) တို့ဖြစ်သည်။







၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မြန်မာစစ်တပ်မှ တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်၊ ဝေထူးကျေးရွာ

အုပ်စု၊ အအ---ကျေးရွာကို (အဘ---ဟုလည်းခေါ်သည်) ဗုံးနှစ်လုံးလာရောက်ကြဲချခဲ့ပါသည်။ ဗုံးတစ်လုံးမှ ကျရောက်ပေါက်ကွဲပြီး ရွာသားများ၏ နေအိမ်ခြောက်လုံးနှင့်စိုက်ပျိုးပင်များ ထိခိုက်ပျက်စီးသွားပါသည်။ လက်ဝဲရှိရာဓာတ်ပုံတွင် နေအိမ်ခေါင်မိုးတစ်ခုမှ ဗုံးကွဲစများလွင့်စင်မှုကြောင့် အပေါက် များဖြစ်သွားသည်ကို ဖော်ပြထားပါသည်။ လက်ယာပုံတွင် ဗုံးစထိမှန်သော သစ်ပင်တစ်ပင်ကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟောင်း စောဟ---အား မေးမြန်းရာတွင် ထိုဒရုန်းဗုံးကြဲတိုက်ခိုက်မှုသည် ရေသာဖြူအရပ် (ဝေထူးကျေးရွာအုပ်စု)တွင် အခြေစိုက်သော အောင်ချမ်းသာတပ်စခန်းမှ လာရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရကြောင်း ၎င်းကဆိုပါသည်။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) မှ သင်တန်းဆင်းအခမ်းအနားအား ကျေးရွာမှ ၁.၅ မိုင် (၂.၄ ကီလိုမီတာ) အကွာရှိနေရာတစ်နေရာတွင် ကျင်းပခဲ့ကြောင်း ၎င်းက ဆက်လက်ဆိုခဲ့ပါသည်။ ထို့အပြင်၊ ဒရုန်းဗုကြဲတိုက်ခိုက်မှုသည် (PDF) တပ်ဖွဲ့ဝင်တို့၏သင်တန်းဆင်းအခမ်းအနားကိုပစ်မှတ်ထားပြီး [ကျေးရွာကိုမဟုတ်ကြောင်း] ၎င်းမှထင်မြင်ယူဆပါသည်။ သို့သော်၊ ထို [ဒရုန်း] သည် ကျေးရွာအား (PDF) တပ်ဖွဲ့တို့၏သင်တန်းဆင်းအခမ်းအနားနေရာနှင့်လွဲမှားး၍ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၊ နေ့လယ် (၁၂:၃၀) မိနစ်ဝန်းတွင် SAC ၏တိုက်လေယာဉ်တစ်စင်းသည် ပေါင် ၂၅၀ အလေးချိန်ရှိသော ဗုံးနှစ်လုံးအား ဝေထူးကျေးရွာအုပ်စု၊ အဒ--- [အဃ---ဟုလည်းသိကြသည်] ကျေးရွာအတွင်းသို့ လာရောက်ကြဲချခဲ့ကာ ရွာသားတစ်ဦးအား [ကလေး] ထိမှန်ဒဏ်ရာရရှိခဲ့ပါသည်။ ဖြစ်စဉ်ဖြစ်ပွားချိန်တွင် အသက် ၁၆ နှစ်အရွယ် မဇ---သည် [ဘုရားကျောင်းဝင်းအနီးရှိ] စမ်းချောင်းတစ်ခုတွင် ဟင်းသီးဟင်းရွက်များ၊ ကောက်ကောက်ညွှန့်များနှင့်ဟင်းနုနွယ်ပင်များခူး၍ ငါးဖမ်းနေစဉ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ SAC ၏တိုက်လေယာဉ်တစ်စင်းမှ ပေါင် ၂၅၀ အလေးချိန်ရှိသော ဗုံးကြီးနှစ်လုံးအား ကြဲချခဲ့ပြီး အဒ---ရွာရှိ စနေသင်း (SDA) ဘုရားကျောင်းဝင်းအတွင်း ကျရောက်ခဲ့သည်။ ပထမဗုံးတစ်လုံးသည် မြေပြင်ပေါ်သို့ကျရောက်ခဲ့ကာ [မပေါက်ကွဲသေးဘဲကျန်ရှိနေပြီး KHRG မှ ထိုမပေါက်ကွဲသေးသည့် ဗုံးကြီးအားဘာဖြစ်သွားသည်ကို မကြားသိရပေ။] ဒုတိယဗုံးတစ်လုံးသည် သစ်ပင်တစ်ပင်ပေါ်သို့ ကျရောက်ပေါက်ကွဲပြီး ဗုံးကွဲစများလွင့်စင်သွားကာ အသီးအရွက်နှင့် ငါးများရှာဖွေနေသည့် မဇ---အား သူမ၏ဘယ်ဘက်ပုခုံးပြင်တွင် ထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။ PDF [စစ်သားများ] သည် ထိုဒဏ်ရာရရှိသော မဇ--- အား ဝေထူးကျေးရွာအုပ်စု၊ အဗ---ဆေးခန်းသို့ ဆိုင်ကယ်ဖြင့်ပို့ဆောင်ခဲ့ပြီး သူနာပြုဆရာမတစ်ဦးမှ သူမ၏ဒဏ်ရာကို ဆေးထည့်၍ ကုသပေးခဲ့ပါသည်။ အင်တာဗျူးတစ်ခုတွင် သူမက ထိုဆေးခန်းသည် KDHW [ကရင်ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန] မှ စီမံခန့်ခွဲသည့်ဆေးခန်းဖြစ်ကြောင်း ယူဆရသည်ဟု ဆိုပါသည်။ မဇ---အနေဖြင့် ဆေးကုသမှုအတွက် အခကြေးငွေပေးရန်မလိုပါ၊ သို့သော်လည်း သူမသည် စေတနာအလျောက် အလှူငွေပေးခဲ့ပါသည်။



ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် လက်ခံရရှိခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၊ နေ့လယ် (၁၂း၃၀) မိနစ်တွင် မြန်မာစစ်တပ် ပိုင်တိုက်လေယာဉ်တစ်စင်းသည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ဝေထူးကျေးရွာအုပ်စုရှိ အဒ---[အဃ---ဟုလည်းသိကြသည့်] ကျေးရွာအတွင်းသို့ ဗုံးနှစ်လုံးကြဲချခဲ့ပါသည်။ ဗုံးကြီးနှစ်လုံးစလုံးသည် စနေသင်း (SDA) ဘုရားကျောင်းဝင်းအတွင်း ကျရောက်ခဲ့သည်။ ဓာတ်ပုံတွင် ဒုတိယဗုံးပေါက်ကွဲ၍ အသက် ၁၆ နှစ်အရွယ် မဇ--- အား ဗုံးစများထိမှန်ကာ ဒဏ်ရာရရှိသွားသည်ကို ဖော်ပြထားပါသည်။ KHRG အနေဖြင့် ဤဓာတ်ပုံကို အသုံးပြုခွင့်ရရှိထားသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

## ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။